ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့
(၁၂. ၇. ၂၀၁၆)ရက်နေ့တွင် မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
ဦးစိုင်းလှိုင်ခမ်း တင်သွင်းသည့် ဝမ်းနည်းကြောင်းအဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၀)ဖြစ်ပါတယ်။ အစီအစဉ်အရ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကွယ်လွန်အနိစ္စရောက်ရှိခြင်းအတွက် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်းအဆိုကို တင်သွင်းဖို့ဖြစ် ပါတယ်။

**ဦးစိုင်းလှိုင်ခမ်း၊မိုင်းယန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** အားလုံးမင်္ဂလာပါ။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယခု ကျင်းပနေသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယ ပုံမှန်အစည်းအဝေးမှာ ဝမ်းနည်းကြောင်း အဆို တစ်ရပ်ကို တင်သွင်းမှာဖြစ်ပါတယ်။ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးပီတာသောင်းစိန်သည် ၂၀၁၆ခုနှစ် မေလ ၁၁ ရက်နေ့ တွင် ရန်ကုန်မြို့၌ ကွယ်လွန်အနိစ္စ ရောက်ရှိခဲ့ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးပီတာသောင်းစိန်ကွယ်လွန်အနိစ္စ ရောက်ရှိ သွားခြင်းအတွက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၁ (က) အရ ဝမ်းနည်းကြောင်း အဆိုကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ကျွန်တော်ကကြေညာတဲ့အခါမှာ လက်ခုပ်မတီးမိဖို့အတွက် သတိပြုစေလိုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်းက ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးပီတာသောင်းစိန်သည် (၁၁-၅-၂၀၁၆) ရက်နေ့တွင်ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ဝမ်းနည်းကြောင်း အဆိုကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၁ (က) အရလွှတ်တော်သို့တင်သွင်းလာပါတယ်။ ဒီအဆိုဟာလွှတ်တော်၏ အများဆန္ဒနှင့်ကိုက်ညီပြီး လွှတ်တော်ကသဘောတူတယ်လို့မှတ်ယူ ပါတယ်။ ဒါကြောင့်ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးပီတာသောင်းစိန် ကွယ်လွန် အနိစ္စရောက်ရှိခြင်းအတွက် တင်သွင်းသည့် ဝမ်းနည်းကြောင်း အဆိုအား လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ပါတယ်။